# သိုးယောက်မမွှလေး

## ဝတ္ထုတိုစု



နေမျိုး
မေမောင်
စိုးအောင်(မန္တလေး)

# သုညဒီဂရီမှတ်တမ်း

## (၁)

စခန်းမှ ကျွန်တော်ထွက်ခွာလာခဲ့သည်မှာ ၃၁ရက်၊ ၈နာရီနှင့် ၂၄မိနစ်ရှိပြီ။

ဘယ်လောက်ဝေးဝေး ရောက်နေပြီလဲ။ ကိရိယာကိုထုတ်၍ ခလုပ်ကိုဖွင့်လိုက်သည်။ ကျွန် တော်ရောက်ရှိရာနှင့် စတင်ထွက်ခွာရာ အဖြောင့်တိုင်း ၂၆၃၇၄ ကီလိုမီတာ။ မြောက်လတ္တီတွဒ် ၂၀ဒီဂရီ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်။ လေက မြောက်ဘက်အရပ်မှ တောင်ဘပ်ခပ်ယွန်း ယွန်းသို့ တိုက်ခတ်နေသည်။ ပြောင်းလဲလာသော လေတိုက်နှုန်းကို တိုင်းတာ၍ ကိရိယာ၏ မှတ် ဉာဏ်ထဲသို့ ထည့်သွင်းထားလိုက်ရသည်။ ကိန်းဂဏာန်းမှာ ကျွန်တော့် အတွေ့အကြုံထက် မြင့်မား နေ၏ ။ လေကတဟူးဟူး တဂျူးဂျူး တိုက်ခတ်နေသည်။ တိုက်ခတ်လာသော လေထဲတွင် အေးစက် စက်နှင်းတွေ ရှေ့လျားနေကြသည်။ အပူချိန်နှင့် စိုထိုင်းဆကို တိုင်းတာ၍ ကိရိယာ၏ မှတ်ဉာဏ် ထဲသို့ ထည့်သွင်းထားလိုက်သည်။ အပူချိန်က သုညအထက်မှာ ရှိနေဆဲဖြစ်သော်လည်း ကျွန် တော့်အဖို့ အတော်ပင် အေးစက်စက်နိုင်နေပေသည်။ ကျွန်တော်စတင်ထွက်ခွာလာစဉ်က တောက်ပသောနေရောင်ခြည်အောက်ရှိ ပူနွေးသော လမ်းမကြီးများကို ဖြတ်သန်းခဲ့ရသည်။ နေရောင် တဝင်းဝင်း နှင့်အတူ ပူနွေးသော ရက်စွဲများ ကျွန်တော့်ကိုယ်ခန္ဓာပေါ် ဖြတ်သန်းသွား ကြသဖြင့် ပူနွေးနေခဲ့သော ကျွန်တော့်မှာ ဤလွင်ပြင်ဒေသဝယ် ဆောင်းရာသီစောစီးစွာ ကျရောက်နေခဲ့ပြီကို-ဗြုန်းစားကြီး ရင်ဆိုင်ရတော့ မင်သက်မိသလို ဖြစ်သွားခဲ့ရသည်။ တိုက်ခတ် နေသောလေ၏ အရှိန်က ခပ်ကြမ်းကြမ်း၊

အအေးဓာတ်က ခပ်စူးစူး၊ ပူနွေးသော နေရောင်ခြည်မှာ မရှိတော့၊ လွင်ပြင်ထဲမှာ မြောက်ဘက်အရပ်ဒေသဆီကတိုက်ခတ်နေသော လေနှင့် ပြာမှိုင်းမှိုင်း နှင်းတွေသာ။ အအေးဓာတ်က ကဲနေသည်ကို ကောင်းစွာခံစားသိရှိသည် လွင်ပြင်ထဲမှာလေးလံသော ကျောက်တုံးများ၊ တိတ်ဆိတ်လို့၊ လေကတဂျုံးဂျုံး တိုက်ခတ်နေသလို အအေးဓာတ်စူးစူးကလည်း အရှိန်ဖြင့် မျှောရွှေ့နေသည်။ လေးလံသော ကျောက်တုံးများ အအေး ဓာတ်ထဲမှာ နစ်မြုပ်လို့.....။

## (၂)

ကျွန်တော့်အတွက် ဗဟိုစက်ဝန်းဒေသဖြစ်သော လွင်ပြင်၏ အတွင်းပိုင်းသို့ တစ်စတစ်စ ချဉ်းနင်းဝင်ရောက်လာခဲ့သောအခါ သံလိုက်စက်ကွင်းပြင်းအားများ ရှုပ်ထွေးစပြုလာကြောင်း ပထမဆုံးသတိပြုမိခဲ့သည်။ စက်ကွင်းပြင်းအားများသည် ထူးကဲစွာ တုန်ခါနေကြသည်။ ဤလွင် ပြင်၌မှ သတ္တုသစ်တစ်မျိုးကို တူးဖော်ရရှိနိုင်ရန်အတွက်လည်း ကျွန်တော်ကြိုးစားကြည့်ခဲ့သည်။ သို့ သော်လည်း ဤလွင်ပြင်ဒေသမှာ ယေဘုယျအားဖြင့် စခန်းမှ လက်မှတ်ပေးထားသည့်အတိုင်း သတ္တုမဲ့ဒေသတစ်ခုသာဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ပုံမကျ ပန်းမကျနှင့် ငြိမ်သက်နေကြသော ပြောင်ချောချော ကြေးညိုရောင် ကျောက်တုံးကြီးများအနီးတွင် ရပ်၍ အဝေးသို့ကြည့်နေမိသည်။ အအေးဓာတ်က ကျွန်တော့်ကိုယ်ပေါ်မှာ ပေါလောမျောလို့။ အဲဒီ အအေးဓာတ်ကို ဆတ်ခနဲ လှမ်းဖမ်းကာ အဝေးသို့ လွှင့်စင်သွားအောင် ပစ်ပေါက်လိုက်ချင်သည်။ အအေးဓာတ်က ကျွန်တော့်ကိုယ် ပေါ်မှာ ပေါလောမျောလို့။ အဲဒီ အအေးဓာတ်ကို ဆတ်ခနဲလှမ်းဖမ်းကာ အဝေးသို့လွှင့်စင်သွား အောင် ပစ်ပေါက်လိုက်ချင်သည်။ အအေးဓာတ်က ကျွန်တော့်ကိုယ်ပေါ်မှာ တစ်လွှာပြီးတစ်လွှာ။ တစ်ထပ်ပြီးတစ်ထပ် ပေါလောမျောလို့။ ကြမ်းတမ်းပြင်းထန်စွာ တဂျုံးဂျုံးတိုက်ခတ်နေသော မြောက် လေရိုင်းက ယဉ်ပါးပျော့ပျောင်းသယောင်ရှိ၏ ။ သို့သော်လည်း အအေးဓာတ်က ပို၍

ထုံကျင်အေး စက်ကာ ကျွန်တော့်ခန္ဓာထဲ နစ်ဝင်လာသလိုပင် ထင်မှတ်ရသည်။ ရှေ့သို့ တရွေ့ရွေ့ ကျွန်တော်တိုး ဝင်လာခဲ့သည်။ နှင်းတွေ ----- နှင်းတွေ ---- တအိအိနှင့် ဖြည်းညှင်းစွာ ကျဆင်းလာ နေသော လွင်ပြင်၏ အတွင်းပိုင်းသို့ ကျွန်တော်ဆက်၍ တိုးဝင်လာခဲ့သည်။ အပူချိန်၊ စိုထိုင်းဆ၊ လေတိုက်နှုန်း၊ ဦးတည်ရာ အရပ်၊ ကျွန်တော့်ကိရိယာထဲတွင် ကိန်းဂဏန်းအသစ်တွေ ထပ်မံပေါ် ပေါက်လာသည်။ ကျွန်တော့်ခြေဖျားလက်ဖျားတွေကို အေးစက်ခြင်းက အငမ်းမရ ကိုက်ခဲ့ထားသည်။ အေးစက်စက်လွင်ပြင်ထဲမှာ ကီလိုမီတာပေါင်းများစွာ ကျွန်တော့်ရွေ့လျားသွားလာခဲ့သည်။ ၂၆၆၄၉ကီလိုမီတာ အေးစက်လေးလံကြွပ်ဆပ်နေတဲ့ လေထုထဲမှာ ၂၆၆၅၀ကီလိုမီတာ----နှင်းပြာ ပြာတွေ တအိအိကျဆင်းနေတဲ့ လွင်ပြင်ဒေသထဲမှာ။ ၂၆၆၅၁ကီလိုမီတာ---- မရွေ့မလျား၊ အေးစက်စက် ပြောင်ချောချော ကျောက်တုံးကြီးများ ငြိမ်သက်နေတဲ့ ဒေသထဲမှာ။ ၂၆၆၅၂ကီလိုမီတာ--- ရှုထုတ်လိုက်တဲ့ ကိုယ်ငွေ့သက်လေထုတောင့်တင်းမာခဲ့သွားသယောင် ထင်မှတ်ရတဲ့ လွင်ပြင် ဒေသထဲမှာ။ ၂၆၆၅၄ကီလိုမီတာ---၂၆၆၅၅ကီလိုမီတာ၊ ၂၆၆၅၆ကီလိုမီတာ အေးစက်လွင်ပြင် ဒေသထဲကို ကျွန်တော်ဆက်ပြီး တိုးဝင်ခဲ့၏။

## (၃)

ကောင်းကင်သည် မြေသားလွင်ပြင်သို့ နိမ့်ဆင်းလာကာ နှင်းများပိုမို သိပ်သည်းကျစ်ခဲ့ လာအောင် ဖိညှပ်နေသယောင်ပင်။ အကယ်၍ ကျွန်တော့်မှာ အထူးပြုလုပ်ထားသော အပူချိန် ထိန်းဝတ်စုံသာ ဝတ်ဆင်မထားပါက အရေပြားတွေ ကြွပ်ဆတ်ကာ သွေးဖြူဥ၊ သွေးနီဥနှင့် ပလာ စမာအရည်များပင် ခဲသွားနိုင်ပါသည်။ သုညအောက် ရောက်ရှိသွားပြီဖြစ်သော အအေးလွန်ရာသီ ထဲမှာ ကျွန်တော်သည် လှည့်လည်ရင်း ပြောင်ချောချော ကျောက်တုံးကြီး များကြားဝယ် လှုပ်ရှား နေသော အရိပ်သဏ္ဍာန်တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အရိပ်သဏ္ဍာန်သည် တရွေ့ ရွေ့တိုးဝင်လာနေသည်။ ထိုအရိပ် သဏ္ဍာန်သည်

ပြာမှိုင်းသော အဆင်းရှိလှ၏ ။ ထူးကဲသော အအေးလှိုင်းတစ်ခုပေလောဟု ကျွန်တော်ထင်မှတ်ချက်မှာ ပျက်ပြယ်သွားသည်။ ထိုလှုပ်ရှားနေ သော ပြာမှိုင်းမှိုင်းအရိပ်သည် လူတစ်ယောက်သဏ္ဍာန်အဖြစ် တရွေ့ရွေ့ ပြောင်းလဲနီးကပ်ကာ ရုပ်လုံးကြွလာသည်။ ကျွန်တော်သည် ကိရိယာကို ထုတ်၍ ခလုပ်တစ်ခု ဖွင့်ကာ ထိုသဏ္ဍာန်ကို ချိန် ရွယ်လိုက်သည်။ ကိရိယာက အဆင့်မြင့်ဆဲလ်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ညွှန်းဆိုနေသည်။ ကိရိယာ၏ ခလုပ်တစ်ခုကို ဖွင့်၍ အာရုံခံစမ်းသပ်မှုတစ်ခု ပြုလုပ်လိုက်သည်။ လမ်းကြောင်းမှား ဝင်လာတဲ့ ဆွဲအားတစ်ခု။ ကိရိယာမှာ အဖြေတစ်ခုထုတ်ပေးနေသည်။ ထူးခြားသော အခြေအနေ တစ်ရပ်ကို ကျွန်တော်စတင်ရင်ဆိုင်နေရပြီ။ ပြာမှိုင်းမှိုင်း နှင်းတွေထဲမှ ထိုသဏ္ဍာန်ရှိရာသို့ ကျွန် တော်လှမ်းလာခဲ့သည်။ ထိုသဏ္ဍာန်သည် လူတစ်ယောက် ဖြစ်နိုင်သည်။ အအေးဓာတ်က လူတစ် ယောက်၏ သွေးလှည့်ပတ်မှုနှင့် စိတ်အာရုံကို ပြောင်းလဲစေတတ်ကြောင်း ကျွန်တော်လေ့လာ ထားသည်။ ကျွန်တော့်အာရုံတွေ မှားယွင်းနေခြင်းလား။ မဖြစ်နိုင်ပါ။ သေချာခဲ့သည်။ ထိုသဏ္ဍာန် သည် အအေးလှိုင်းတစ်ခုမဟုတ်။ (၂၁)ရာစုအနှောင်းပိုင်းက မျိုးတုံးသွားပြီဖြစ်သော ပင်ဂွင်းငှက် တစ်ကောင် မဟုတ် ရွေ့လျားစက်တပ်ယာဉ်တစ်စီးမဟုတ်။ လူတစ်ယောက်ဖြစ်သည်။ အဘိုးအို တစ်ယောက်ဖြစ်သည်။ ပြာမှိုင်းမှိုင်း အရိပ်သဏ္ဍာန်သည် သက်ရှိလူသားအဘိုးကြီးတစ်ယေက်ဖြစ် သည်။ အဘိုးကြီး၏ အကျီပွပွကြီးမှာ နှင်းကိုက်ခဲသဖြင့် ရိရွဲကာ အချို့နေရာများတွင် စုတ်ပြဲ၍ ပင် နေခဲ့ပြီ။ အဘိုးကြီး၏ ဆံပင်များမှာ မွဲပြာပြန်ခြင့် ရှည်လျားရှုပ်ထွေးစွာ ဖြာကျနေသည်။ အဘိုးကြီး ၏ မျက်နှာမှာ အရေးအကြောင်းများနှင့် အရေပြားမှာ ရှုံ့တွတွန့်နေသည်။ ဤလွင်ပြင်ထဲမှာ အဘိုး ကြီးမည်သို့မည်ပုံ ရောက်ရှိလာခဲ့သနည်း။

“ဘယ်ကိုများ သွားမလိုပါလဲခင်ဗျာ....”

ကျွန်တော်က အဘိုးကြီးကို မေးလိုက်၏ ။ အဘိုးကြီးက ကျွန်တော့်ကို

နားမလည်ဟန်ဖြင့် ကြည့်နေသည်။ ပြီးမှ-----

“ငှါအိမ်ဆီသွားနေတာ”

ဟု ကျွန်တော့်ကို ပြောလိုက်ပြီး နှင်းထုတစ်မျှော်တစ်ခေါ်ကြီး ထဲသို့ ငေးကြည့်နေသည်။ အဝေးမှာ ဘာမှမရှိ။ နှင်းထုကြီးနှင့် ပြောင်ချောချော ကျောက်တုံးတွေချည်းသာ။ အဘိုးကြီး သည်နံ့ရံတွေလို ထူထပ်သော နှင်းထုပြာမှိုင်းမှိုင်းဆီ ဝဲလှည့်ကာကြည့်နေပြန်သည်။

“ငှါအိမ်ဆီသွားနေတာ”

အဘိုးကြီးက ထပ်မံပြောလိုက်ပြန်သည်။

“အိမ် ---- ဟုတ်လား၊ အိမ်က ဘယ်မှာလဲ ---”

ကျွန်တော်က ထပ်မေးလိုက်သည်။ ဤတွင် အဘိုးကြီးက----

“အေး---ငှါအိမ်က ဘယ်မှာလဲ။ မင်းသိရင် ပြောစမ်းကွာ၊ ငှါအိမ်ကလေးဆီ ငါပြန်နေတာပဲ။ ပင်ဂွင်းငှက်တွေ အကူအညီနဲ့ ငှါအိမ်ကို ငါပြန်နေတာ။ ကြာခဲ့ပြီ။----ပင်ဂွင်းငှက်တွေလည်း မရှိကြ တော့ဘူး။ အင်း ---- ခုဆိုရင် ငှါအိမ်ကို ပြန်နေတာနှစ်ပေါင်း (၁၀၀)ကျော်သွားပြီကွ။ ဟောဒီမှာကြည့်စမ်း၊ ဒါဟာ ငှါအိမ်ကလေးလေ။ သေချာကြည့်စမ်း---- ငါထင်တယ်---ငှါအိမ်ကလေး ထဲမှာ ဝိုင်အရက်တွေလည်း ရှိဦးမယ်လို့ ငါထင်တယ်။ ငှါအိမ်ကလေး ဘယ်မှာလဲ ဆိုတာ မင်းငှါကို ပြောပြနိုင်မလား....”

အဘိုးကြီးသည် အကျီအိတ်ထဲမှ စက္ကူခေါက်လေးတစ်ခုကို ထုတ်ကာ ကျွန်တော့်ကို ဖြန့်ပြ လိုက်သည်။ စက္ကူထဲမှာ အိမ်ကလေးတစ်လုံးပုံ။

## (၄)

ကိရိယာလေးကို ထုတ်ကာ ထိုအိမ်ကလေးကို ကူးယူမှတ်တမ်းတင်လိုက်သည်။ ကျွန်တော် က တစ်ခုခုပြောရန်

ဟန်ပြင်နေတုန်းမှာပင် အဘိုးကြီးက စက္ကူခေါက်လေးကို အကျီအိတ်ထဲ
ပြန်ထည့်ကာ မြင်းအိုကြီးတစ်ကောင်လို တလှုပ်လှုပ်နှင့် တစ်ဘက်သို့
ထွက်ခွာသွားတော့သည်။ နှင်းတွေက ပိုမိုထူထပ်စွာ ကျဆင်းလာသည်။ စောစောက
အဘိုးကြီးနေရာတွင် ဘာမှမရှိတော့။ အေးစက်စက်နှင့် နှင်းတွေထဲမှာ၊
လူတစ်ယောက် နှစ်(၁၀၀)ကျော် လှည့်လည်နေခြင်းမှာ ကျွန်တော် တို့
တွေ့ရှိထားသော ဘက်တီးရီးယားနည်းပညာနှင့် ကရိုင်ဂိုဘိုင်အိုလိုဂျီနည်းပညာ
အရ မဖြစ်နိုင်စရာမရှိပါ။ သူသည် ပကတိလူသားစစ်စစ်ဖြစ်ကြောင်းကို
ကျွန်တော်၏ ကိရိယာက အတည်ပြုပေးထားပါသည်။
ပြောင်ချောချောကျောက်တုံးတွေနှင့် အေးစက်စက်နှင်းတွေထဲမှာ ကြာမြင့်စွာ
ကျွန်တော်ရပ်နေမိသည်။ (ပင်ဂွင်းငှက်တွေကတော့ မျိုးတုံးသွားခဲ့ပြီ ဖြစ်ပါသည်။)

**နေမျိုး**

**ဟန်သစ်မဂ္ဂဇင်း။**

***

## နေမျိုးသို့ပေးစာ

ကျွန်တော် ဘာမှမဖြစ်ချင်တော့ဘူးလို့ ခင်ဗျားကို အကြောင်းကြားလိုက်ပါတယ်။ ခင်ဗျား အံ့သြသွားသလား။ လူတွေကို တအံ့တသြဖြစ်သွားစေချင်တဲ့စိတ် ကျွန်တော့်မှာ ရှိခဲ့ဖူးပေမယ့် ခုချိန်မှာ ကျွန်တော်ဟာ ခင်ဗျားကို အဲဒီ နည်းနဲ့ စမ်းသပ်နေတာ မဟုတ်ဘူးဆိုတာယုံပါ။ ကျွန်တော်ဟာ အောင်မြင်ကျော်ကြားတဲ့အနုပညာရှင်တစ်ယောက်ဖြစ်ချင်ခဲ့တယ်။ နှစ်တွေအတော် ကြာတဲ့အထိ။ ကျွန်တော်အနုပညာကို ကျွန်တော်လုံးဝ ယုံကြည်ခဲ့တယ်။ ဝံပုလွေတစ်ကောင်ဟာ သူ့မေးရိုးနဲ့ အစွယ်တွေရဲ့ ကိုက်ဖဲ့နိုင်စွမ်းကို သူအပြည့်အဝယုံကြည်သလိုပေါ့။ မြစ်တစ်စင်းဟာ ရေ အလျဉ်နဲ့ ကျောက်ဆောင်ကမ်းပါးတွေကို တိုက်စားဖြိုဖျက်ပစ်နိုင်သလိုမျိုး ကျွန်တော့်ရဲ့ကြေကွဲမှုနဲ့ အနုပညာဟာ ခင်ဗျားတို့ရဲ့ ခံစားမှုနယ်နမိတ်တွေကို တိုက်စားဖြတ်ကျော်ပြီး ရင်ထဲအထိ စီးဆင်း သွားလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ အခုတော့ ကျွန်တော်ဟာ အငွေ့ပျံသွားတဲ့ မြစ်တစ်စင်းမျှသာ ဖြစ်လိမ့်မယ်။ ဝံပုလွေအိုကြီးတစ်ကောင်းလို အူမိပေါ့။

ကျွန်တော်ဘာမှမဖြစ်ချင်တော့ဘူးလို့ ခင်ဗျားကို အကြောင်းကြားလိုက်ပါတယ်။ ကတ္တား နဲ့ကံ မပါတဲ့ ဝါကျတွေကို သုံးပြီး စာပိုဒ်တွေကို တည်ဆောက်ဖို့ ကြိုးစားနေသူ တစ်ယောက်အဖို့ ပျောက်ဆုံးနေတဲ့ ကတ္တားနဲ့ကံဟာ နောက်ဆုံးမှာတော့ သူ့ကိုယ်တိုင်ပဲ ဖြစ်ခဲ့လေရဲ့။ တစ်ချိန်က ကျွန်တော်ရေးခဲ့တဲ့ ဝါကျတွေကို ခင်ဗျားနားမလည်ခဲ့ရင် သိပ်အရေးမကြီးပေမယ့် ခုကျွန်တော်ရေး ပြီးခဲ့သမျှကိုတော့ ခင်ဗျားနားလည်ရလိမ့်မယ်။ အဲဒီ အတွက် ခင်ဗျားမှာ တာဝန်ရှိတယ်။ ကျွန်တော် မပျော်တာကြာပြီ ကိုနေမျိုး။ ဒါကို

ခင်ဗျားကောင်းစွာနားလည်နိုင်ပေလိမ့်မယ်။ ပင်ဂွင်းငှက်တွေကို သဲကန္တာရထဲမှာ မွေးမြူဖို့ စီမံကိန်း ကျွန်တော်စွန့်လွှတ်လိုက်စဉ်က သဲကန္တာရတွေဟာ စတင်အေး စက်လာခဲ့တယ်ဆိုတာ သေချာခဲ့ကြောင်း ပြောပြလိုက်ပါတော့။

ပင်ဂွင်းငှက်တစ်ကောင်ရဲ့ အတောင်ပံတစ်ခုအကြောင်းပြောကြတဲ့အခါ ကျွန်တော့်ကို ခင်ဗျားတို့ သတိရကောင်းရလာမယ်။ ဒါပေမဲ့ နောက်ဆုံးတော့ အဲဒီ သတိရချက်ဟာ ရေခဲတုံးတစ်တုံးလို အရည်ပျော်ကျသွားဦးမှာ မဟုတ်လား။ အေးစက်စက် သဲကန္တရအထက်မှာ ညအခါ အမည်မဲ့ကြယ်တွေ လှည့်လည်နေစဉ် ခင်ဗျား ကျွန်တော့်ကို သတိရကောင်း ရနိုင်ပေရဲ့။ ဒါပေမဲ့ ဧရာမအမှောင်ထုကြီးအောက်မှာ တောက်လောင်နေတဲ့ ဖယောင်းတိုင်လို နောက်ဆုံးမှာတော့ ပျော်ကျကုန်ဆုံးသွားဦးမှာပဲ မဟုတ်လား။ ကျွန်တော်ဟာ လောကရဲ့ ကျောက်ဆောင်မှာ ကျွန်တော်အမည်နာမကို ထွင်းထုဖို့ ကြိုးစားခဲ့ဖူးသူတစ်ယောက်ပါ။ ဒါပေမဲ့သုံးစွဲစရာ ဘာသာဗေဒ ပျောက်ဆုံး ခဲ့တယ်။ တစ်ချိန်မှာ ကွဲအက်နေတဲ့ ကျောက်ဆောင်တွေကြားက ငါးတစ်ကောင် ခုန်ထွက်လာလိမ့်မယ်။ ဒါပေမဲ့ သူ့မှာ အသားတစ်မျှင်မျှ မပါခဲ့ရင် ခင်ဗျားအပြစ် မတင်စေချင်ဘူး။ ကျွန်တော်ဟာ မှားယွင်းမှုတွေနဲ့ ကြည်နူး နေတတ်သူတစ်ယောက်ဖြစ်ပြီး ကြေကွဲမှုတွေနဲ့ တွားသွားနေတဲ့ သူတစ်ယောက်မျှသာ ဖြစ်တယ်။ ကီလိုမီတာ ထောင်နဲ့ချီဝေးကွာတဲ့ ခင်ဗျားဆီကို ဒီအကြောင်းတွေ ပေးပို့လိုက်ပေရဲ့။ ဘုရား သခင်ငရဲဘုံတွေဆီ လှည့်လည်လာမယ့်နေ့ကို စောင့်ဆိုင်းနေသူဟာ ကျွန်တော်ဖြစ်ကြောင်း သေချာ ခဲ့ပြီ။

ကဖေးဆိုင်ရဲ့ တင်းကျပ်တဲ့ မှန်ကောင်တာတွေထဲက အလုံပိတ်လှောင်ခံထားရတဲ့ ပေါင်မုန့် တွေအကောင်း ခင်ဗျားဆက်ပြောပါဦး။ တကယ်လို့ပေ့ါ----ဘုရားသခင်ဟာ ကဖေးဆိုင်တွေဆီကို ကြွချီတော်မူလာတဲ့အခါ အဲဒီ ပေါင်မုန့်တွေကို ကယ်တင်နိုင်ပါစေလို့ဆုတောင်းလိုက်ပါတယ်။ ကျွန်တော့်ဆုတောင်းသာ ပြည့်ခဲ့ရင် ဘုရားသခင်ဟာ လမ်းဘေးထမင်းဆိုင်တွေဆီ

ကြွချီပြီး ဆာ လောင်မှုကို တစ်ဖန်မြည်းစမ်းကြည့်ပြန်ပေလိမ့်မယ်။ သဲကန္တာရထဲက သဲပွင့်တစ်ပွင့်ရဲ့ အလေးချိန်ကို ကျွန်တော်မပြောနိုင်ပါဘူး။ ဒါပေမဲ့ ဘယ်သူတွေဟာ ကန္တာရတွေဖြစ်ကြောင်းကို တော့ ကျွန်တော်ပြောပြ နိုင်ပါလိမ့်မယ်။ ကန္တာရထဲက အေးစက်စက် သဲပွင့်လေးတစ်ပွင့်ခင်ဗျားဆီ ကို ပေးပို့လိုက်ပါတယ်။ တကယ်လို့ ခင်ဗျားမှာ ဘုရားသခင်နေထိုင်တဲ့ ဂတ္ထုတစ်ပုဒ်ရှိရင် ခပ်ကျယ် ကျယ် အော်ဖတ်စမ်းပါ။ အသံလှိုင်းတွေဟာ ဝေးလံတဲ့ တစ်နေရာကနေ အခြားတစ်နေရာကို ရွေ့ လျားရောက်ရှိသွားနိုင်စွမ်းရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော့်နားထဲမှာ တိတ်ဆိတ်တဲ့ အသံတွေကြားနေရသလိုပါပဲဗျာ။ ကျောက်ဆောင်တွေ၊ ရေလှိုင်းတွေ၊ သစ်ရွက်တွေ၊ ပုလင်းလွတ်၊ ဘူးခွံ၊ စက္ကူစုတ်၊ ငါးရိုးနဲ့ စွန့်ပစ်ပစ္စည်းတွေဆီက အသံတွေ ကျွန်တော် ကြားရပြန်ပြီ။ ဧရာမလှေကြီးတစ်စင်း ဆိပ်ကမ်းတစ်ခုမှာ ဆိုက်ကပ်ပါလိမ့်မယ်။ ဒါပေမဲ့ လှေပေါ်မှာ လူရယ်လို့ တစ်ယောက်မျှမပါလာခဲ့ရင် ခင်ဗျားမအံ့သြပါနဲ့ပ။ အခုဆိုရင်လှေကြီးဟာ ရွက်လွင့်ပြီး တအိအိနဲ့ လာနေပြီပေါ့။ ဝံပုလွေအိုကြီးတစ်ကောင် သူ့မေးရိုးနဲ့အစွယ်တွေကို ပွတ်သပ်မိတဲ့နေ့ဟာ ၁၉၉၇ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့ဖြစ်တယ်။ ကျွန်တော်ရဲ့ သွားစိုက်ဆရာဝန်အဘိုးကြီးဟာ သူ့ရဲ့ ပလာယာကို အံဆွဲထဲထည့်ပြီး သော့ခတ်လိုက်ပြီဖြစ်တယ်။ ထမင်းဆိုင်ပိုင်ရှင်အဘွားကြီးကတော့ မီးကျွမ်းထားတဲ့ အသားတုံးတစ်တုံးကို ရေခဲသေတ္တာထဲ ထည့်ပြီးလှောင်ထား လိုက်ပေ့ါ။ ခွေးခါးကျိုး ကြီးဟာ ကြမ်းရှရှလမ်းပေါ်မှာ တရွတ်ဆွဲလို့ တရှုံ့ရှုံ့သွားနေလေရဲ့။ ကနေ့ည ကျွန်တော်ညစာမစားဖြစ်ပါ။ လေယာဉ်ကြီးတစ်စင်း ကွင်းထဲမှာ ဆင်းသက်လာလိမ့်မယ်။ ဒါပေမဲ့ လေယာဉ်ပေါ်မှာ မောင်းနှင်သူ၊ လိုက်ပါသူ လူရယ်လို့ တစ်ဦးတစ်ယောက်မျှ မပါလာခဲ့ရင် ခင်ဗျား မအံ့သြပါနဲ့ပ။ နာထောင်စမ်းပါ။ လေထဲမှာ အင်ဂျင်စက်သံတွေ တုန်ခါနေပြန်ပြီ။ အဲဒီ ပလာယာနဲ့ ကျွန်တော့်ခေါင်းထဲက သံချောင်းတွေကို ဆွဲနုတ်လိုက်စမ်းပါ။ ဘာကိုမျှ မယုံကြည်တဲ့ လူတစ်ယောက်က ဘာကိုမျှ မတွေးခေါ်ဘဲနေသလို နေထိုင်ဖို့ ပြင်ဆင်ထားမှ

ဖြစ်မယ်။ ခင်ဗျားနေ ကောင်းရဲ့လား။ ကျန်းမာပါစေဗျာ။ ကျွန်တော့်အခန်းထဲမှာ
တောကျီးကန်းတစ်ကောင် အော်မြည်ပျံ့ ဝဲနေတယ်။ စားပွဲပေါ်မှာ
ကျွန်တော်မစားဖြစ်တဲ့ ညစာတစ်နပ်ချဉ်သိုးသွားပြီ။ မာကျောကျောပေါင်
မုန့်တစ်လုံးက ကျောက်တုံးတစ်တုံးလို ငြိမ်လို့။ ဆားငန်တဲ့ ပေါင်မုန့်ကို
ခင်ဗျားမကြိုက်ပါဘူး။ သကြားများတဲ့ ကော်ဖီတစ်ခွက်ကို ကျွန်တော်မကြိုက်ပါ။
ကန့်သတ်တွေးခေါ် ခြင်းဟာလူကို အန္တရာယ်ဖြစ်စေနိုင်သလား။ တွေးခေါ်ခြင်းဟာ
ကြေကွဲမှုနဲ့ အဓိပ္ပာယ်မဲ့ခြင်းဆီကို နှစ်စဉ်ဦးတည်နေခဲ့တယ်။ အလိုအလျောက်
သိခြင်းဟာလည်း ကြေကွဲမှုနဲ့ အဓိပ္ပာယ်မဲ့ခြင်းဆီကို နှစ်စဉ်ဦးတည်နေခဲ့တယ်။
အလိုအလျောက်သိခြင်းဟာလည်း ကြေကွဲမှုနဲ့ အဓိပ္ပာယ်မဲ့ခြင်းများသာ ဖြစ်ခဲ့တယ်။
ခင်ဗျားအတွက် ကျွန်တော်သိမြင်ခဲ့တယ်။ မီးရထားစက်ခေါင်းကြီးတစ်စင်း
ခင်ဗျားအိမ် ရှေ့မှာ ဆိုက်ရောက်လာလိမ့်မယ်။ ဒါပေမဲ့ စက်ခေါင်းကြီးထဲမှာ
မောင်းနှင်သူရယ်လို့ တစ်ဦးတလေမှ မပါရှိခဲ့ရင် ခင်ဗျားမအံ့သြပါနဲ့။
ကျွန်တော်သိပြီ။ ရေနွေးငွေ့တွေ တရှူးရှူးမှုတ် ထုတ်နေပုံကို ခင်ဗျားလည်း
သိမြင်မယ်ထင်ပါတယ်။ အတွင်းမီးတောက်အင်ဂျင်စက်ရဲ့ သဘောတရားကို
ကျွန်တော်နားမလည်ဘူး။ ဒါပေမယ့် အရှေ့စွမ်းအင်ဟာ အင်ဂျင်စက်တွေမပေါ်
ခင်ကတည်းက ရှိနေခဲ့တယ်ဆိုတာ ကျွန်တော်နားလည်မိတယ်။ နယူတန်ရဲ့
ဦးခေါင်းပေါ်ကို သစ် သီးကြွေမကျခင်ကတည်းက ကမ္ဘာမြေကြီးမှာ ဆွဲငင်အား
ရှိနေခဲ့သလိုပေါ့။ အက္ခရာသင်္ချာကို ကျွန်တော်စိတ်ဝင်စားတယ်။ X=Y ဖြစ်ပြီး Y=0
ဖြစ်တဲ့အခါ Xရဲ့တန်ဘိုးကို ခင်ဗျားလည်း ပြောပြနိုင် ပါတယ်။ ကဲကူလေတာနဲ့
ကဗျာရေးလို့ရတယ်ဆိုခဲ့ရင် အဲဒီ ကဗျာတွေဟာ အက္ခရာ သင်္ချာပုစ္ဆာတွေ
ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားဟာ Y ဖြစ်ခဲ့ရင် ကျွန်တော်ဟာ Xဖြပ်မယ်လို့တော့
မယူဆလေနဲ့။ အောင်မြင်မှုဆိုတာ နတ်ဒေဝတာတွေရဲ့ ကျီစယ်မှုဖြစ်ခဲ့ရင်
ကျဆုံးမှုဆိုတာကတော့ မိစ္ဆာတွေရဲ့ ကျီစယ်မှုပဲ ဖြစ်လိမ့်မယ်။ ကျွန်တော်ဟာ
နတ်ဆိုးများရဲ့ ချစ်ခြင်းကို နှစ်ပေါင်းများစွာ ခံခဲ့ရသူပေါ့။
ကျွန်တော့်ဘာကိုဆိုလိုတယ်ဆိုတာ ခင်ဗျားသိရဲ့လား။ ခင်ဗျားမသိခဲ့ရင် ဒါဟာ

ကျွန်တော်ရဲ့ ကျီစယ်မှုတစ်ခုလို့သာ မှတ်ယူလိုက်ပါလေ။ ကျွန်တော်ဟာ အဓိပ္ပာယ်တွေ ပေးနိုင်ဖို့ ကြိုးစားခဲ့တယ်။ ဒါဟာ ကျွန်တော့်ရဲ့ ပထမမှားယွင်းမှုပဲ။ ခုတော့ ကျွန်တော်ဟာ ခံစားမှုတွေပေးနိုင် ဖို့ ကြိုးစားနေမိပြန်တယ်။ ဒါဟာကျွန်တော့်ရဲ့ ဒုတိယမှားယွင်းမှုပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်အခန်းထဲမှာ ပိုးဟပ် ၃၅ကောင်ရှိတယ်။ မဂ္ဂဇင်းတစ်စောင်ထဲက ရွှေငါးမျှားချိတ်ဆိုတဲ့ စကားလုံးကို ကျွန်တော်သတိရနေမိတယ်။ ပန်းခြံထဲက မြေသားတွေရဲ့ မူလဘူတဒြပ်ထဲမှာ တီကောင်တွေ အထွေးလိုက်ရှိလိမ့်မယ်။ ကျွန်တော့်မှာ ရွှေငါးမျှားချိတ်မရှိဘူး။ ကောင်းကင်မှာ ကြယ်တွေပွက်နေတယ်။ ၁၉၈၄ခုနှစ်မှာ ကျွန်တော်ဟာ ခင်ဗျားကိုနားလည်သဘောပေါက်ခဲ့ပြီး ၁၉၉၆ခုနှစ်မှာ အဲဒီ အချက်အလက်တွေ အားလုံးမှားယွင်းနေနိုင်ကြောင်း သံသယဖြစ်ခဲ့တယ်။ ကတ္တရာလမ်းမပေါ်မှာ ဖောင်းကားနေတဲ့ ငါးပုတင်းတစ်ကောင်ကို ၁၉၈၄ခုနှစ်က ကျွန်တော်ဖမ်းဆီးမိခဲ့ဖူးပြီ။ တံလျှပ်တွေပေါ် ရွာတဲ့မိုးကို ကျွန်တော်အမည်နာမတစ်ခုပေးလိုက် တယ်။ ဩဂတ်(စ်)လို့။ လီယွန်နစ် လီယွန်နော့ရဲ့ သူခိုးကို ကျွန်တော်မဖတ်ရသေးဘူး။ ဇယ်လင်တင်ကာတားယက်ရဲ့ အလွဲသုံးစားလုပ်သူများကို ကျွန်တော်မဖတ်ရ သေးဘူး။ အဲဒီ အတွက်တော့ ခင်ဗျားသိပ်မဝမ်းနည်းပါနဲ့။ ဂတ္တူထဲက ဇာတ်ကောင်တွေနဲ့ ကျွန်တော်ဟာ ကဖေးဆိုင်မှာ မဆုံနိုင်ခဲ့ဖူးလို့ ဘယ်သူပြောနိုင်မလဲ။ ၁၉၉၇ခု၊ နိုဝင်ဘာလတစ်ရက်မှာ ကျွန်တော့် ဖောင်တိန်က သွေးတွေထွက်နေလို့ လေးချက်ချုပ်ပြီး ပလတ်စတာနဲ့ ကပ်ထားရတယ်။ ကျွန်တော့်စိတ်ကူးတွေထဲ ထွန်စက်တစ်စီးဖြတ်မောင်းသွားသံကြားလိုက်ရရဲ့။ နေရောင်ခြည်၊ လေ ညင်းနဲ့ မိုးတိမ်ဟာသဘာဝတရားရဲ့ ထုတ်ကုန်တွေဖြစ်တယ်။ အဲဒီ လိုခင်ဗျားကျွန်တော့်ကို ပြောခဲ့ ဖူးတာ အမှတ်ရမိရဲ့။ ဒီအတိုင်းသာဆို ကျွန်တော်ဟာလည်း အလျှံပယ် ကြွယ်ဝသူ တစ်ယောက်ပေ့ါ။ ခင်ဗျားမှာ ပေးဆပ်စရာ ကြွေးတွေ ဘယ်လောက်ရှိ သလဲ ပြောစမ်းပါ။ ကမ္ဘာမြေပေါ်မှာ ဆင်းရဲဒုက္ခနဲ့ ဘဝရဲ့ဒဏ်ရာဒဏ်ချက်တွေကို လူသုံးကုန်အဖြစ် ထုတ်လုပ်နိုင်သူဟာ အနုပညာသမားပဲဖြစ်လိမ့်မယ်။ တစ်ခါသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ပြီး

ကြီးပွားသွားသူတွေထဲမှာ ကျွန်တော်မပါသေးတာ သိပ်ကို သေချာပေမယ့်
စွန့်ပစ်ပစ္စည်းတွေကို ပြန်ပြီး အသုံးချတဲ့ အတတ်ပညာကို
လေ့လာနေသူတွေထဲမှာတော့ ကျွန်တော်ပါဝင်နေပေလိမ့် မယ်။
ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ဟာ တစ်ကြိမ်မက
စွန့်ပစ်ပစ္စည်းဘဝကို ရောက် ခဲ့ရလို့ပဲပေါ့။

စာက မဆုံးသေးပါ။ ဤစာကို ဆက်လက်ရေးသားရန်
ဆန္ဒမရှိတော့သဖြင့် ရပ်ဆိုင်းလိုက် ခြင်းဖြစ်ဟန်တူပါသည်။ ကျွန်တော့်အနေဖြင့်
ဤစာကို တစ်နည်းနည်းဖြင့် အဆုံးသတ်ပေးလိုပါ၏ ။ သို့ရာတွင် မဖြစ်နိုင်ပါ။
အကြောင်းမှာ ကျွန်တော်ကိုယ်တိုင်နေမျိုးဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

**နေမျိုး**

**ဟန်သစ်မဂ္ဂဇင်း။**

***

# မီးခိုးစိမ်းစိမ်း

## ၁။

မိုးရိပ်မိုးငွေ့ကို မြင်ရ၏ ။ ရှင်မာရိဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံတဒေါင်ဒေါင်ညံလေပြီ။ အေးစက်စက် လေက ပြတင်းပေါက်ရှေ့၌ ဝေ့ဝဲနေလေသည်။ ကျွန်တော်သည် ချမ်းစိမ့်စိမ့်ဖြစ် လာမိ၏ ။ တဖြည်းဖြည်း စဲသွားသော ခေါင်းလောင်းသံကို အမှတ်မထင် ရေတွက်ကြည့်နေမိသည်။ များမကြာမီ ခေါင်းလောင်းသံများကို လေထဲ၌ ရပ်တန့်သွားကြသောအခါ ကျောင်းခေါင်မိုးအောက်ထဲမှ ခိုများ အတောင်ပံ တဖြောင်းဖြောင်းရိုက်၍ ဝဲပျံလာကြတော့မည်။ အဘွားအိုသည် ရေစိမ်ထားသော ကုလားပဲစေ့ဖောင်းဖောင်းကလေးများကို သူ၏ ရှုံ့တွသော လက်ဖြင့် တုန်တုန်ယင်ယင် ကြဲမြောက်ကာ ကောင်းကင်ကို မော်၍ အတော်ပံခေတ်သံများကို နားစွင့်နေပေလိမ့်မည်။ မိုးသားမိုးတိမ်အုပ်ကား ဝေးဝေးကောင်းကင်တစ်နေရာ၌ လျှပ်ပြက်ထစ်ချုန်း နေ၏ ။ အိမ်ဝိုင်းထဲက အုန်းပင်ကြီးသည် လက်တံများ ယိမ်းကာ နွဲ့ကာနှင့် မိုးသံ လေသံကြောင့် ဝမ်းသာမြူးတူးနေဟန်ရှိ၏ ။ အိမ်အောက်တစ်နေရာ၌ ချိတ်ဆွဲထားသော နာရီအိုကြီး၏ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော တချောက်ချောက်မြည်သံကို မကြားတစ်ချက်၊ ကြား တစ်ချက်နှင့် ငေးနေမိသည်။ ဟိုး ---- အဝေးမှာ တိမ်မျှင်ဖြူဖြူတန်းလေ ---- ကျကျနန ဝါးပြီး ဆွဲထား သော ပီကေမျှင်နှင့် တူသေးတော့၏ ။ မိုးတိမ်များ အဝေး၌ ရပ်တန့်ငြိမ်သက်နေကြသည်။ အဝေးမှ မိုးချုန်းသံသည် ကျွန်တော့်နားသို့ ကပ်၍ ပါထာမန္တန်တစ်ခုကို ရွက်ပြနေသလို ခပ်တိုးတိုးကြားနေရ သည်။ အိမ်ဝိုင်းထဲမှာ ခပ်ပျပျအလင်းတွေသာ ရှိတော့၏ ။ ကျွန်တော်တို့ အိမ်ဝိုင်းလေးထဲက နေ ရောင်တွေ

ကမ္ဘာမြေတစ်ဖက်သို့ သွားနေကြပြီထင်ပါသည်။ လမ်းမတန်းတစ်လျှောက်ရှိ ဓာတ်တိုင် များလည်း လျှပ်စစ်မီးများလင်းလက်လာတော့မည်။ ဘတ်စ်ကားအင်ဂျင်စက်သံများ တအီအီကြား နေရ၏ ။ ကျွန်တော်တို့ရပ်ကွက် အနောက်ဖျားလမ်းမသည် လူသွားလူလာ ရှုပ်ထွေးနေတော့မည်။ မော်တော်ကားဟွန်းသံ၊ ဘဲ(လ်)တီးသံနှင့် ငှက်အော်သံ၊ ဂီစီမှုတ်သံများ အဆက်မပြတ် ကြားလာရ ၏ ။ သုံးတန်ကားကြီးများ တဗီးဗီးမည်ကာ ခရီးရှည်ကို ဖြတ်သန်းနေကြလေသည်။ (သံလမ်းဘေး ကွမ်းယာဆိုင်မှာ ဂျမားတို့ ညီအစ်ကိုရောက်နေနိုင်ပြီ။ ကျွန်တော်သည် ကွမ်းယာမစားတတ်သော် လည်း မန်ကျည်းပင်အောက်ရှိ ထိုကွမ်းယာဆိုင်၌ ညနေများစွာ ထိုင်ခဲ့လေသည်။) ညနေစောင်းပြီ ဖြစ်၍ ဝေ့နေသော လေက ပိုမိုအေးစက်လာသည်။ နာရီကြီး တဒင်ဒင်မြည်လေပြီ။ တံခါးရွက်များကို ဖွင့်ထားဆဲပင် ဖြစ်၏ ။ ကျွန်တော်သည် အကျီရင်ဘတ်ဇစ်ကို ဆွဲစေ့လိုက်သည်။ အအေးဓာတ်ကြောင့် စိမ့်လာ၏ ။ တောထဲတောင်ထဲမှာ ဆောင်းမျှော်ပန်းတွေ ဖူးရော့မည်ထင်ပါ သည်။

ယခုလို မှောင်ရီပျိုးစအချိန် ရောက်လျှင်

မြစ်ငယ်အလုပ်သမားရထားသည် တလူပ်လူပ်ဖြတ်ခုတ်သွားပြီဖြစ်၏ ။ ညစ်မွဲမွဲ မီးခိုးနံ့များကိုပင် ကျွန်တော်မှတ်မိနေခဲ့သည်။ ခွာသံတ ဖြောက်ဖြောက်နှင့် ဖြတ်မောင်းသွားသော မြင်းလှည်းများ၊ တကုတ်ကုတ် ပြေးလွှားနေသော ဆိုက်ကားများ၊ ဟိုမှသည်မှ သွားလာနေကြသော လူများနှင့် နေဝင်ဖျိုးဖျ လမ်းကလေးမှာ စည်ကားနေလေ့ရှိပါသည်။ လမ်းကူးထောင့်ချိုးရှိ လမ်းညွှန်မှတ်တိုင်ကလေးမှာ ခုတိုင်ရပ်နေဆဲပင် ရှိလိမ့်မည်။ ကြာသပတေး၊ သောကြာနေ့မျိုးများဆိုလျှင် လမ်းမီးများ လင်းလာသည်နှင့် တစ်ပြိုင်နက် တအိအိတွန်းဝင်လာသော ကြော်ငြာလက်တွန်းလှည်းကို တွေ့နိုင်သည်။ ကြော်ငြာ လက်တွန်းလှည်းသမားသည် လမ်းထိပ်ကွမ်းယာဆိုင်တစ်ဝိုက် လူစုစုရှိရာ ရောက်လျှင် လွယ်အိတ် ထဲမှ လက်ကမ်းကြော်ငြာများကို

ကြဲမြောက်တတ်လေသည်။

“ဗိုလ်နဂါးနဲ့ လုံနက်ကျော် ---- လုံနက်ကျော်နဲ့ ဗိုလ်နဂါး --- အကယ်ဒမီ ညွှန့်ဝင်းက နှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားပါတယ်”

အစရှိသည်ဖြင့် ဟစ်အော်၍ ကြော်ငြာလက်တွန်းလှည်းကို တအိအိ တွန်းသွားတော့၏ ။ ကြော်ငြာစက္ကူများက ဖရိုဖရဲ လွင့်ပဲ့ကျန်ရစ်ခဲ့သည်။ ထိုအခါ ကွမ်းယာဆိုင်အနီးတဝိုက်ရှိ ဂျမားတို့ ကလေးတစ်သိုက်က အပြေးအလွှား လုယက်ကောက်ကြမည်သာဖြစ်လေသည်။ ညအမှောင် သည် ပိုမိုမှိုင်းပျလာသောအခါ ဓာတ်တိုင်မှ ဝါကျင်ကျင် မီးရောင်သည် ပိုမိုတောက်ပလာလိမ့်မည်။ ကွမ်းယာဆိုင်ဘေးတွင် ဂိတ်ထိုးထားသော ဆိုက်ကားသမား တစ်ဦးစ၊ နှစ်ဦးစလည်း မန်ကျည်းပင် အောက် အရိပ်မည်းမည်း၌ ခပ်ကုပ်ကုပ် ငြိမ်နေကြ၏ ။ ကျွန်တော်သည် ညစာ မဆာလောင်သေး သမျှ ကွမ်းယာဆိုင်မှာပင် ရှိနေတော့၏ ။ ဆိုင်ရှေ့သံလမ်းပေါ်တွင် ထိုင်၍ အဝေးရှိ ဇလီဖားတုံးများကို ငေးနေတတ်ပါသည်။ ထောင်ပေါင်းများစွာသော ဇလီဖားတုံးများကို ကြည့်ရင်း ကျွန်တော့်စိတ်သည် အဝေးသို့ ရောက်ရှိသွားတတ်ပါသည်။ (အီဂျစ်ပိရမစ်ကြီးတွေအောက်မှာ ကုလားအုတ်တစ်ကောင်ကို ဆွဲ၍ လျှောက်ချင်လျှောက် နေတတ်သည်။ ကျွန်တော်သည် ကုလား အုတ်များကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်သူကား မဟုတ်ပေ။) တစ်ခါတစ်ရံတွင်မူ ဟွန်းတယောထိုး၍ တစ်လမ်းဝင် တစ်လမ်းထွက် လှည့်လည်သွားလာနေသော မြေးအဖိုးနှစ်ယောက်နောက်သို့ ကျွန်တော်ပါသွားမိလေသည်။ ကျွန်တော်တို့လမ်းကြားထဲသို့ ရောက်လာတတ်သော အဘိုးကြီးကား (ကျွန်တော်သတိထားမိသလောက်ဆိုလျှင်) သွားတိုက်ဆေးဘူးတစ်ဘူးပမာ တစ်နေ့ထက် တစ်နေ့ တစ်စစ ကြုံလှီလာခဲ့၏ ။ သူနှင့်အတူ မျက်စိ ပြူးပြူး သွားဖွေးဖွေးနှင့်တစ်ကိုယ်လုံး ညစ်မည်းနေသော လူပိန်ပိန်ကလေးတစ်ယောက်ပါရှိလေ သည်။ သူတို့မြေးအဖိုး ကျွန်တော်တို့

လမ်းကြားထဲသို့ ဝင်လာသည်နှင့် ကြေကွဲလွမ်းဆွတ်ဖွယ်ရာ ကောင်းသော တေးသံက လွှင့်လာသည်။

“ရွှေပြည်တော်သည် .... မောင်မယ်တူညီ --- လုမ်းဘယ်ဝယ်ဆီ” --- သီချင်းကို မျက်စိပြူးကြောင်ကြောင် ကောင်ကလေးကဆို၍ အဘိုးကြီးက သတ္တုဖုဟွန်းတပ်ထားသော တယောပြားကို တအီအီမြည်အောင် ထိုးကာ ဝင်လာကြတော့၏။ တဝုန်းဝုန်းထိုဟောင်နေကြသော လမ်းကြားထဲမှ ခွေးများလည်း ခဏနှင့်ပင် ငြိမ်သက်သွားကြလေသည်။ ဝင်လုဆဲနေရောင်ခြည် သည်သူတို့မြေးအဖိုးနှစ်ဦးထက်သို့ ဖြာကျနေ၏။ တယောအိုမှ လေးတွဲ့တွဲ့ ဂီတသံသည် လမ်းထဲ မှာ ဂဲလည်ခတ် ကျန်ရစ်ခဲ့ပေသည်။ အဘိုးအိုသည် ဝန်ထုပ်ကြီးတစ်ခုကို ပခုံးထက်၌ လွယ်လျက် ပခုံးထက်၌ ပင် တယောကို တင်လျက် တေးသွားကို ထိုးကာ တရွေ့ရွေ့ ထွက်ခွာသွားတော့၏။ သူ၏ မြေးကလေးကလည်း ကွဲအက်တုန်ယင်သော အသံကြောင်ဖြင့် သီချင်းတစ်စကို ဆက်လက်၍ တကြော်ကြော်အော်မြည်သွားလေသည်။

“လွမ်းပုံကို---မဖန်တီးနိုင်သူ----မြိုင်ကြီးသေလာငူ----လွမ်းပုံကို” ဓာတ်တိုင်အောက်ရှိ မခါဒါ ဘီ၏ မီးဖိုကလေးမှ မီးခိုးအူသောအခါ ညစာစားဖို့ သတိရလာတော့၏။ မခါဒါဘီ၏ မီးဖိုဆိုင်ကလေးမှ မီးကျွမ်းနံ့တသင်းသင်း ရသောအခါ(ပြောင်းဖူး၊ ကန်စွန်းဥ၊ ယခုလိုအချိန်ဆိုလျှင် ထန်းပင်မြစ်များ) ကျွန်တော်ဂမ်းဗိုက်မှာ ဆာလောင်လာတော့၏။ ကတ္တရာလမ်းမပေါ်၌ ရှည်မျောမျောအရိပ်များ ထင်ဟပ်ရွေ့လျားနေကြသောအခါ ခပ်စောစောကလေက် ဆူညံရှုပ်ထွေးမှုမျိုး မရှိတော့--- လမ်းမတန်းသည် တဖြည်းဖြည်း ငြိမ်သက်စပြုလာ၏။ ဒေါ်ခါဒါဘီ သည် ဂျမားအောက် နှစ်ယောက်ခြားလော မသိ၊ ကလေးငယ် နီတာရဲရဲကို ရင်ခွင်ထဲ ခေါက်ထည့် ထား၏။ သူမ၏ ဒူးနှစ်လုံးမှာ တုတ်နှစ်ချောင်းအဝတ်လျှို၍ ထောင်ထားသည့်နှယ် ဖြစ်လေသည်။ ဘပ်လပ်တွဲကျနေသော သူမ၏ ရင်သားများကို ကလေးငယ်က စုံရေမက်ရေ

စုပ်ယူနေ၏ ။ (ကျွန် တော်ကား သားရေပတ်နှင့် ပို၍ တူသော သူမ၏ ရင်သားများမှ နို့ရည်ထွက်,မထွက်ကို အကြိမ်များ စွာ သံသယဖြစ်ဖူးလေသည်။) တွန့်လိမ်ကွေးကောက်နေသော နီကျင့်ကျင့် ဆံစများထက်၌ ပြာစပြာနများ ပေရေနေတတ်၏ ။ မီးဖိုကလေးကို ကုန်းကုန်းမှုတ်သော သူမ၏ နှာခေါင်းကို ဖောက်၍ ကြေးဝါရောင်ကွင်းကလေးမှာ လှုပ်ခါသွားတတ်၏ ။ (ကျွန်တော်ကတော့ ထိုကွင်းကလေး ကို ရွှေမဖြစ်နိုင်၊ ကြေးဝါသတ္တုပဲ ဖြစ်မည်ဟု ယူဆပါသည်။) ရင်ခွင်ထဲက နီရဲရဲကလေးကမူ ကုန္ဒြေ မပျက်၊ သူမနောက်၌ ခြေနှစ်ချောင်းဝပ်၍ ရှေ့ခြေမတ်ကာ ငေးနေသော ခွေးတစ်ကောင် ရှိလေ သည်။ များမကြာမီ မခါဒါဘီ၏ ကိုဘကျားသည် သီချင်းတထွေထွေဖြင့် ရောက်လာတော့မည်။ သံ ချောင်းရိုက်သံသဲ့သဲ့ ကြားရသောအခါ ကျွန်တော်သည် မခါဒါဘီ၏ မီးဖိုဆိုင်ကလေးကိုဖြတ်၍ အိမ်သို့ပြန်လာတတ်ပါသည်။ ဝါကျင်ကျင် မီးရောင်သည် ပြတင်းပေါက်မှ ယိုကျနေ၏ ။ မြူငွေ့မကင်းသော လေက ပြတင်းပေါက်ကို ဝေ့ပဲဖြတ်ကျော်၍ ဝင်ရောက်လာပြီဖြစ်သည်။ အဝေး မှာ မှုန်ဝါးနေတော့၏ ။

## ၂။

တစ်ခါ တစ်ခါ-----

လူ့ဘဝကား ပီကေဝါးနေရသလို ဖြစ်လေသည်။

အေးစက်နေသော ထမင်းနှင့် နီကြွပ်ကြွပ် ဝက်အူချောင်းကြော်ကို စိတ်ရှည်ရှည်ထား၍ ကျွန်တော်ဝါးစားခဲ့ပါသည်။ လမ်းမဘက်မှ ဓာတ်စက်သီချင်းသံ၊ တစ်အိမ်ကျော်မှ လက် သမားဆရာ ၏ သား အာခြစ်ငိုနေသောအသံ၊ အဖေနှင့်ဆရာဝန် စကားပြောနေသံများ ရောထွေး ကာ ပြတင်းပေါက်မှ ဝင်လာကြ၏ ။ အနောက်ဘက်ပြတင်းပေါက်၌ မူ လေသဲ့သဲ့တိုက်သဖြင့် ပတ္တာ ယဲ့ယဲ့ မြည်နေ၏ ။ ပြားချပ်ချပ်နေရောင်သည် နှီးဖျာထက်၌ နေးကွေးစွာ တွားသွား နေသည်။ ကြွက်လျှောက်တန်းကို

တွဲလောင်းခိုနေသော ဝါကျင်ကျင် ကြေးစည်ကလေးသည် တစ်ဆောင်းတွင်းလုံး ငြိမ်တိတ်စွာ ဇောစာကျင့်တော့မည့်ဟန်မျိုး ပေါက်နေလေသည်။ ထရံ၌ ထိုးညှပ်ထားသော ဆေး သားများ လွင့်ပြယ်စပြုနေပြီဖြစ်သည့် ဓာတ်ပုံများသည် ပြုံးရယ်နေဆဲပင်ရှိလေသည်။ ဆင်းတုတော်ရှေ့၌ ဖေဖေ့မိန်းမ မနေ့က ထိုးထားသော သစ္စာပန်းများ လန်းဆန်းလျက်ပင်ရှိ၏ ။ ကြိုးတို့ အားကုန်လျှော့နေပြီဖြစ်သော အဖေ့စန္ဒရားကြီးထက်၌ မနေ့က ဆရာဝန်နှင့် အတူပါ လာသော ပျားရည်ပုလင်းညို့ညို့ကြီး ငြိမ်နေလေသည်။ ဘုရားစင်အောက်ရှိ ကျွန်တော့်စာအုပ်ပုံမှ ဟောင်းမြင်းသော အနံ့ကို ရ၏ ။ မနိုက်သည်မှာ ကြာခဲ့ပြီ။ မနေ့က လက်ဆောင်ရသော စာအုပ် ဟောင်းတစ်အုပ်လည်း စာအုပ်ပုံထဲရှိ ယခင်စာအုပ်များနှင့် ရောနှောနေလေပြီ။

မည်သည့် 'လ' ဟု ကောင်းကောင်းမမှတ်မိတော့။ ယခုကဲ့သို့ ဆောင်းဝင်စရာသီ၏ တစ်ညနေ ၌ ကျွန်တော်လျှောက်ခဲ့ဖူးသော ပွဲဈေးတန်းတစ်ခုမှ ဘီလူးက,ကသော မျောက်ကလေးအကြောင်း သတိရလာပြန်၏ ။ ဆိုပေးသော သီချင်းနှင့် စည်းကိုက်ဝါးကိုက်မာန်ပါပါ ကနေသော မျောက်ကလေးကို အထူး ထူးဆန်းကြည့်ရှုသဘောကျခဲ့ကြလေသည်။ ဝိုင်းအုံကြည့်ရှုနေကြသော လူအုပ်ထဲမှ အကြွေစေ့များ တချွင်ချွင် လွင့်ကျလာခဲ့သည်။ ထိုခဏ၌ မျောက်ကလေးသည် လေ ထဲမှာ နှစ်ပတ်ကျွမ်း သုံးပတ်ကျွမ်းပစ်လေတော့သည်။ လူအုပ်ကြီးက သဘောကျနေဆဲမှာပင် သူ သည် လက်အုပ်ချီလျက် စည်းဝိုင်းကို သုံးပတ်ပတ်လေ၏ ။ ခေါင်းမြီးခြုံနှင့် လူသည် ဆီမန်းမန်းသလို တတွတ်တွတ် ရွတ်နေစဉ် မျောက်ကလေးသည် စည်းဝိုင်းထဲမှာ ကြုန္ဒြေရရထိုင်လျက် စည်းအပြင်က လူများကို အရိုအသေပေးနေခဲ့၏ ။

ဖေဖေ့မိန်းမ မနေ့က ဝယ်ယူလာခဲ့သော ငှက်ပျော်ဖီးသည် ထုပ်တန်းမှာ ကြိုးတွဲလောင်းနှင့်ပင် ရင့်မှည့်လာခဲ့၏ ။ လမ်းလျှောက်ခြင်း အရသာကို ကျွန်တော်ပြန်စဉ်းစားနေမိသည်။ ဘယ်လောက်များရင်ဖို့ဖို့ ကောင်းလိုက်သလဲ။

ကျွန်တော်သည် ညညများဆိုလျှင် သီချင်းတအေး အေးနှင့် လမ်းလျှောက်၍ သူငယ်ချင်းတစ်ယောက်အိမ်သို့ သွားတတ်၏၊ သူနှင့်တွေ့ဖို့ မတွေ့ဖို့က အရေးမကြီးလှပါ။ ထိုသူငယ်ချင်းအိမ်မှ အတန်ဝေးသော သုံးလမ်းကျော်မှာရှိ လက်ဖက်ရည်ဆိုင် သို့ဆက်လျှောက်၏ ။ တစ်ခါတစ်ရံသူငယ်ချင်းနှစ်ယောက်၊ တစ်ခါတစ်ရံ ကျွန်တော်တစ်ယောက် တည်း။ ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သော ကတ္တရာလမ်းမပေါ်မှာ ညည လမ်းလျှောက်သူများထဲ တွင် ကျွန်တော်လည်းရှိနေတတ်ပါသည်။ ယခုလို ညများဆိုလျှင် ဘယ်လောက်လမ်းလျှောက် ကောင်းလိုက်မလဲ။ ရင်ကိုအေးစက်၍ ခန္ဓာကိုယ်ကို ပေါ့ပါးသွားစေနိုင်သော မြောက်ပြန်လေနှင့် တွေ့ဆုံနိုင်သည်။ ကံကောင်းလျှင် မူးလာသော ဖော်ကြီးကို တဟီးဟီး တဟားဟား လမ်းသလားလျက်တွေ့နိုင်သည်။ ဖော်ကြီးသည် ကျွန်တော့်အပေါ် ညှာတာ၍ ရန်ဖြစ်လေ့ရှိပါသည်။ သူ၏ တုတ်ဖြိုးသော လက်သီးများသည် ကျွန်တော့်အစားလေကိုသာထိုး ခဲ့၏ ။ ကျွန်တော့်နားထဲသို့ ယင်ကောင်ဖမ်း၍ လွှတ်စဉ်က ဒေါသဖြင့် သူ့ကိုကြည့်ခဲ့ဖူး၏ ။ အငယ်လေး၏ ကော်ဖီခွက်ထဲသို့ ဖော်ကြီးက ဆားများထည့်စဉ်ကမူ ကျွန်တော့်မှာ တခိခိနှင့် သဘောကျခဲ့မိသေး၏ ။ (အငယ်လေးသောက်လေ့ရှိသော ကော်ဖီကြမ်းမှာ အံ့ဩစရာကောင်း လောက်အောင်ပင် အရသာ လုံးဝမရှိကြောင်းကို ကျွန်တော်တွေ့ရှိတတ်သောကြောင့်ဖြစ်သည်။)

## ၃။

ခုတော့လည်း

လောကကြီးဟာ တစ်အလီသဖွယ်

ရယ်ပစ်ဖို့ပဲ ကောင်းတော့တယ်။

တစ်နေ့က ဒိုင်ယာယီထဲတွင် အထက်ပါအတိုင်း ရေးချခဲ့လေသည်။ (ရက်စွဲကို မမှတ်မိ တော့။) ထိုနေ့က ကျွန်တော် ကော်ပီစာအုပ်တစ်အုပ်၏

နောက်ကျောမှ အလီကွက်များကို ဖတ်နေမိ ၏ ။ ထိုအလီများထဲမှ တစ်အလီကို ကျွန်တော်အံ့ဩစိတ်ဝင်စားမိသည်။ ဖတ်ရင်း----ပြန်ဖတ်ရင်း ကျွန်တော်ပို၍ စိတ်ဝင်စား၊ ပို၍ အံ့ဩလာ၏ ။ မဂ္ဂဇင်းဂတ္တူတိုတစ်ပုဒ်သဖွယ် တစ်အလီသည် ကျွန်တော့်ကို ဆွဲဆောင်နိုင်ခဲ့သည်။ အိမ်အောက်မှာ နာရီကြီးသည် တဂျောက်ဂျောက် လည်ပတ်နေ၏ ။ ရေဒီယိုမှ လေ့ကျင့်ခန်းစ----အစရှိသည့်ဖြင့် လာနေ၏ ။ ကျွန်တော်ကအလီစာရွက်ကို ကြည့်နေမိသည်။ ကြည့်နေရင်း ထိုအလီကို အလွတ်မရတော့သလို ဖြစ်လာခဲ့၏ ။ စာရွက်တစ်ရွက်ကို ယူလိုက်ကာ ဖောင်တိန်ကို အဖုံးဖွင့်၍ ကူးရေးပါတော့သည်။ ၁�၁=၁၊ ၁�၂=၂၊ ၁�၃=၃၊ ၁�၄=၄၊ ၁�၅=၅၊ ၁�၆=၆၊၁�၇=၇၊ ၁�၈=၈၊ ၁�၉=၉၊ ၁�၁၀=၁၀၊ ၁�၁၁=၁၁၊ ၁�၁၂=၁၂၊ ကျွန်တော်သည် သိသလိုလို ကိုယ့်ကိုယ်ကို ထင်ခဲ့သော၊ ကောင်းစွာအဓိပ္ပာယ်နားမလည်သေးမှန်း တဖြည်းဖြည်း သိလာရသော ဝေါဟာရအချို့ရှိပါသည်။ ၎င်းးတို့မှာ----၁-အချစ်၊ ၂-သင်္ခါရ။ ၃-စားမေးပွဲ။ ၄-ကျေးဇူး။ ၅-အလှ။ ၆-ရသ စသည့်တို့ဖြစ်ပါ သည်။

## ၄။

အိမ်ခေါင်ရင်းဘက် စည်းရိုးထောင့်လောက်မှ ဖားအော်သံများကြားနေရ၏ ။ တစ်ကောင်က လေးလေးလံလံနှင့် ဂီ---ဟု အော်၏ ။ မေ့လောက်မှ တစ်ကောင်က ဂေါ်---ဟု မည်သည့်။ နောက် တစ်ကောင်က ဂွမ်----ဟုလိုက်မြည်သည်။ ဂီ---ဂေါ်--ဂွမ်----၊ ဂီ----ဂေါ်----ဂွမ်နှင့် ငြီးငွေ့ဖွယ် ကောင်းသော အသံတစ်စုံတစ်ခုကို မကြားမိရအောင် ကြိုးစားနေမိသည်။ (တစ်ချက်တစ်ချက် ဂွဲ----ဂွဲ----ဟု အော်----အော်တတ်သော ဖားတစ်ကောင်လည်း ရှိသေး၏ )။ မနက်ဝေလီဝေလင်းက တည်းက မိုးတစိမ့်စိမ့်ရွာခဲ့သဖြင့် ကျွန်တော်တို့ အိမ်ဝိုင်းကလေးမှာ စိုစိုစွတ်စွတ်ဖြစ်နေတော့၏ ။ အိမ်ရှေ့မြောင်းမှာ ရေအပြည်၊ မြောင်းကူးတံတားကလေးမှာလည်း ရွှဲစိုနေပြီ။ အိမ်ရှေ့လမ်းပေါ်မှာ မိုးမှုန်ဖွဲ့ဖွဲ့ကလေးများ ကိုယ်ဖော့ကာ ခုန်ဆင်းလာကြ၏ ။ လူသွားလူလာမှာ

ကောင်းစွာမရှိချေ။ မိုး သားမိုးငွေ့ကြောင့် အေးစိမ့်စိမ့် ရှိလေသည်။

လေငြိမ်သော်လည်း အအေးဓာတ်က ပျံ့လွင့်လျက် ရှိ၏ ။ စာအုပ်ပုံထဲမှ စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်သည်။ (ဆေးတစ်ခွက်သောက်ပြီးပြီဖြစ်၍ ကျွန်တော့်အတွက် နံနက်ပိုင်းအလုပ် ပြီးစီးပြီဖြစ်သည်။) နာရီစက်သွားသံများက ကျွန်တော့်အခန်း တစ်ခုလုံးပြည့်နှက်လာအောင်ပင် ထွက်ကျလာသည်။ ညနေခင်းကာ း အေးစက်စက်နှင့်ပင် ရောက်လာတော့မည်။ လမ်းမတန်းက မီးများလင်းမည့်အချိန်သို့ ရောက်လုလာပါပြီ။ အိမ်အပြင် ဘက်က ဖားအော်သံတို့ အားလျော့သွားပါပြီ။ ကျွန်တော်သည် စေ့ထားသော တံခါးသုံးခုမှ တစ်ချပ် ကို ခပ်ဟဟ လှစ်လိုက်သည်။ ဆောင်းဦးညနေ၏ လေပြည်ညင်းများ ခုန်၍ ဝင်လာကြသည်။ အခန်းထဲတွင် ဘယ်သူမှမရှိ။ ကျွန်တော်နှင့်အတူ ဆရာဝန်တနေ့က ပေးသွားသော ဂျိုင်းထောက် အသစ်ကလေးသာရှိပါသည်။

**နေမျိုး**

**မြားနတ်မောင်မဂ္ဂဇင်း။**

***